http://www.dhammadownload.com

# သောက ဖြေဆေး

သာမဏေကျော်

http://www.dhammadownload.com

# "သောကဖြေဆေး"

သာမဏေကျော်

http://www.dhammadownload.com

"သားငယ်က သူ့ကိုယ်သူ သတ်သေပါမယ် လုပ်နေတယ် ဘုရား၊ သူ့အဖေ ဒီလောက် အသက် အရွယ်နဲ့ သေရပ်ပါ့မလား ဆိုပြီး. . . "

"အသက်က (၆၁)နှစ်ဆိုတော့ မငယ်ပါဘူး၊ မြန်မာအမျိုးသားတွေရဲ့ သက်တမ်းဟာ ပျမ်းမျှအားဖြင့် (၅၃)နှစ်ဆိုတော့ (၈)နှစ်တောင် ပိုနေသွားရ တာပဲ။"

"အမေကတော့ တရားရှိတာကိုးလို့ သား (၂) ယောက်နဲ့ သမီးက ပြောကြတယ်၊ တပည့်တော်က တော့ မငိုပါဘူး၊ သားကြီးနဲ့ သမီးကလည်း သား ငယ် လိုပါပဲ၊ ယူကြုံးမရ ဖြစ်နေကြပါတယ်၊ သား (၂)ယောက်က သူတို့ကိုယ်သူတို့ သတ်သေကြပါမယ် ဆိုလို့ အစောင့် တစ်ယောက်စီ ထားပေးထားရပါ တယ် ဘုရား။"

http://www.dhammadownload.com



ဒကာမကြီး ဒေါ်ခင်သန်းမြင့်နဲ့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်တို့ရဲ့ စကားများ ဖြစ်ပါတယ်၊ ဒေါ်ခင်သန်းမြင့်ရဲ့ ခင်ပွန်း ဦးရှိန်မြင့်ဟာ (၂-၈-၉၈) တနင်္ဂနွေနေ့က ကွယ်လွန် ခဲ့ပါတယ်၊ ဒေါ်ခင်သန်းမြင့် + ဦးရှိန်မြင့်တို့ရဲ့ အိမ် မှာ (၄)ရက်မြောက် ရက်လည်ဆွမ်းအဖြစ် နေ့ဆွမ်း ဆက်ကပ်ပါတယ်၊ သူတို့ရဲ့အိမ်က ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၉၈)မှာ ရှိပါတယ်၊ သူတို့ဟာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူများ ဖြစ် ကြပါတယ်၊ ဂုဏ်ရှိန်မြင့်ဆိုတဲ့ တည်းခိုခန်းနဲ့ ပပဝင်း ရတနာဆိုင်ကို ပိုင်ဆိုင်ထားသူတွေလည်း ဖြစ်ကြပါ တယ်၊ ဘုရား, ကျောင်း, ရဟန်းဒကာ, ဒကာမတွေ လည်း ဖြစ်ကြပါတယ်။

သေခြင်းတရား ဆိုတာက ပစ္စည်းဥစ္စာ ကြွယ်ဝ သူတွေ, ဘုရား, ကျောင်း, ရဟန်း ဒကာ, ဒကာမတွေ ဆိုပြီး မျက်နှာလိုက်တာမှ မဟုတ်တာ၊ သေခြင်း တရားဆိုတဲ့ သေမင်းသာ မျက်နှာလိုက်တတ်သူ ဖြစ် ခဲ့ရင် ဦးရှိန်မြင့် သေချင်မှ သေဦးမှာပါ၊ သေမင်းကို လာဘ်ထိုးလို့ ရခဲ့ရင် ဇနီး- ဒေါ်ခင်သန်းမြင့်နဲ့ သား

http://www.dhammadownload.com



ကြီး မောင်ဝင်းဆွေ + မကေသီဝင်း၊ သားငယ် မောင်ဇေယျာအောင် + မမိမိခင်၊ သမီး ဒေါက်တာ မီမီခိုင် + မောင်သိန်းဦးတို့တစ်တွေဟာ ရှိသမျှပစ္စည်း တွေကို ပုံအောကောင်း အောကြပါလိမ့်မယ်၊ နား လည်မှု လုပ်လို့ ရတဲ့သူတွေထဲမှာ သေမင်း မပါလေ တော့ ဒေါ်ခင်သန်းမြင့်တို့ သားအမိတစ်တွေ ခက် တော့တာပေါ့။

ဖခင် ကွယ်လွန်လို့ သား(၂)ယောက်နဲ့ သမီး မှာ သောကမီး လောင်မြိုက်ခံရလို့ မခံချိ, မခံသာ ဖြစ် ကာ ပင်ပန်းနေကြရှာပေမယ့် တည်ငြိမ်အေးမြမှု ရှိ နေတဲ့ ဒကာမကြီး ဒေါ်ခင်သန်းမြင့်ရဲ့ မျက်နှာနဲ့ အသွင်အပြင် အမူအရာတွေကို တွေ့ရတော့ ဗန္ဓုလ စစ်သူကြီးကတော် မလ္လိကာအမျိုးသမီးကို မြင်ယောင် လာမိပါတယ်။

ကောသလမင်းရဲ့စစ်သူကြီး ဗန္ဓုလနဲ့ မလ္လိကာ တို့မှာ အမြွှာမွေးညီနောင်များ ဖြစ်ကြတဲ့ သားရတနာ (၃၂)ယောက် ရှိတယ်၊ ထူးခြားတဲ့ မိဘနှစ်ဦးရဲ့ သား များ ဖြစ်ကြတဲ့အလျောက် တစ်ထောင်စီရှိတဲ့ သူတို့

http://www.dhammadownload.com



ရဲ့ အခြွေအရံတွေနဲ့အတူ ဖခင်ရဲ့နောက်က ဘုရင့်ထံ အခစား ဝင်ကြတဲ့အခါ သူတို့လူစုနဲ့ မင်းရင်ပြင်ဟာ ပြည့်သွားတယ်။

အဲဒီ အခြင်းအရာကို မလိုလားတဲ့ အမတ်တွေက ဘုရင့်ထံ "တစ်နေ့ကျရင် ဗန္ဓုလ စစ်သူကြီးဟာ သူ့ရဲ့သားတွေနဲ့အတူ တိုင်းပြည်ကို လုပ်ကြံပါလိမ့်မယ်"လို့ ကုန်းချောကြတယ်၊ အဲဒီအခါ အဆင်အခြင်နည်းတဲ့ ရှင်ဘုရင်ကြီးက အလွယ်တကူ ယုံကြည်သွားတယ်၊ သတ်ပစ်ချင်စိတ် ပေါက်လာတယ်၊ သတ်ရင်လည်း အကဲ့ရဲ့ခံရမှာ ကြောက်တယ်၊ ဒါကြောင့် သူလျှိုယောက်ျားတွေကို နိုင်ငံအစွန်မှာ သောင်းကျန်းစေတယ်၊ သောင်းကျန်းသူတွေကို ဖမ်းဖို့ ဗန္ဓုလနဲ့အတူ သားတွေကို လွှတ်လိုက်တယ်၊ "ဗန္ဓုလနဲ့ သား (၃၂)ယောက်တို့ရဲ့ ဦးခေါင်းကို ဖြတ်ပြီး ယူခဲ့ကြ"လို့ ပြောပြီး တခြား စွမ်းအားရှိတဲ့ စစ်သားကြီးတို့ကိုလည်း ဗန္ဓုလတို့နဲ့အတူ လွှတ်လိုက်တယ်။

ဗန္ဓုလတို့ သားအဖတစ်တွေ နိုင်ငံအစွန်အဖျားရောက်တဲ့အခါ သောင်းကျန်းသူတွေက ထွက်ပြေးကြ

http://www.dhammadownload.com



တယ်၊ နိုင်ငံအစွန်အဖျားအရပ်ကို ပုံမှန်အနေအထား ရှိအောင် လုပ်ပြီးတဲ့အခါ ဗန္ဓုလတို့သားအဖတစ်တွေ ပြန်လာကြတယ်၊ မြို့ရဲ့အနီးအရပ်မှာ ဗန္ဓုလနဲ့အတူ သား(၃၂)ယောက်ရဲ့ ဦးခေါင်းတွေကို အဖြတ်ခံကြရ တယ်။

တစ်နေ့မှာ မလ္လိကာဟာ ရဟန်းငါးရာနဲ့အတူ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တို့ကို ဆွမ်း ဆက်ကပ်ဖို့ ပင့်ထားတယ်၊ အဲဒီ ဆွမ်းဆက်ကပ်မယ့် နေ့ရဲ့ နံနက်ခင်း အချိန်မှာပဲ "ဗန္ဓုလနဲ့အတူ သား (၃၂)ယောက်ရဲ့ ဦးခေါင်း အဖြတ်ခံရတဲ့အကြောင်း" ရေးပို့တဲ့စာကို မလ္လိကာ ရရှိတယ်၊ မလ္လိကာဟာ အဲဒီ အကြောင်းကို ဘယ်သူ့မှ မပြောဘဲ စာကို ခါးပိုက်ထဲ ထည့်ကာ ရဟန်းသံဃာကိုသာ ဆွမ်း ပြုစုလုပ်ကျွေး နေတယ်၊ အဲဒီအခါ မလ္လိကာရဲ့ အလုပ်အကျွေးမ တွေက ရဟန်းတွေကို ဆွမ်းကပ်ပြီး ထောပတ်အိုး ကြီး သယ်ယူသွားကြတုန်း မထေရ်တွေရဲ့ ရှေ့မှာ ထောပတ်အိုးကြီး ကျကွဲသွားတယ်၊ အရှင်သာရိပုတ္တ ရာက "ကွဲပျက်တတ်တဲ့အရာဟာ ကွဲပျက်ရတာပဲ၊

http://www.dhammadownload.com



တွေးမပူနဲ့ မလ္လိကာ”လို့ မိန့်တော်မူတယ်၊ အဲဒီအခါ မလ္လိကာက သူမရဲ့ ခါးပိုက်ထဲက စာကို ထုတ်ပြပြီး “အရှင်ဘုရား. . တပည့်တော်ခင်ပွန်းနဲ့အတူ သား (၃၂)ယောက် ခေါင်းဖြတ် အသတ်ခံရကြောင်း စာကို ရပေမယ့် ဣန္ဒြေမပျက် မပူပန်ဘဲ ဒီထောပတ်အိုး ကွဲတာကြောင့် တပည့်တော် ဘယ်မှာ စိုးရိမ်ပူပန်ပါ့မလဲ”လို့ လျှောက်ပါတယ်-တဲ့။

ဩော်. . . မလ္လိကာ, မလ္လိကာ၊ တယ်လည်း တရား ပြည့်ဝလှပါလား၊ သောက, ပရိဒေဝမီးဟာ မလ္လိကာရဲ့ အေးမြတဲ့ နှလုံးသားကို မလောင်မြိုက်နိုင်ပါတကား၊ မလ္လိကာရဲ့ တည်ငြိမ်အေးမြတဲ့ နှလုံးသား ကို ဒေါ်ခင်သန်းမြင့်ရဲ့ တည်ငြိမ်အေးမြတဲ့ မျက်နှာနဲ့ အသွင်အပြင် အမူအရာတွေက အမှတ်ရစေပါတယ်။

နေ့ဆွမ်း ဘုဉ်းပေးပြီးလို့ ပြန်ကြွကြွပါတော့မယ်၊ မကြွကြွသေးခင်လေးမှာ ပဏ္ဍိတာရာမ ရွှေတောင် ကုန်း သာသနာ့ရိပ်သာ ကျေးဇူးရှင် ဆရာတော်က အနီးအနားမှာ လာရောက်ပြီး ဒူးတုပ်, လက်အုပ်ချီ

http://www.dhammadownload.com



နေကြတဲ့ ဒေါ်ခင်သန်းမြင့်ရဲ သားသမီးတွေကို ဒီလို မိန့်လိုက်ပါတယ်။

"ခန္ဓာကိုယ်မှာ ခုခံအား နည်းရင် ရောဂါတွေ က လွယ်လွယ်ကူကူနဲ့ ဝင်ရောက်နိုင်တယ်၊ စိတ်မှာ လည်း ခုခံအား နည်းရင် သောကမီး, ပရိဒေဝမီးတွေ က လွယ်လွယ်ကူကူနဲ့ လောင်မြိုက်နိုင်တယ်။"

"ဘုန်းကြီးထံ လာရောက် တရားအားထုတ် သွားတဲ့ မိသားစုတစ်စု ရှိခဲ့တယ်၊ တရားအားမထုတ် ခင် အဲဒီမိသားစုရဲ့ သားလေး ဆုံးသွားလို့ အမေ ရော, အဖေရော, နှမရော အကြီးအကျယ် သောက မီး, ပရိဒေဝမီးတွေ တောက်လောင်ခဲ့ကြတယ်၊ အဖေ က အဲဒီ သောကမီး, ပရိဒေဝမီး ငြိမ်းအောင် အရက် ကို ဖိသောက်တယ်၊ အရက်မူးတုန်း ငြိမ်းသလို ရှိပေ မယ့် အရက်မူး ပြေတော့ လောင်မြဲ လောင်မြိုက် တယ်၊ သောက, ပရိဒေဝမီးရဲ့ ဖိစီးနှိပ်စက်မှု ဒဏ်ကို ပြင်းထန်စွာ ခံစားရလို့ အဖေရော, အမေရော, နှမ ရော သာသနာ့ရိပ်သာကို လာပြီး တရား အားထုတ် ကြတယ်၊ အစပိုင်းမှာတော့ သောကနဲ့ သတိပဋ္ဌာန်

http://www.dhammadownload.com



ဟာ ဘတစ်ပြန်, ကျားတစ်ပြန်ပေါ့၊ သတိ အအေး ဓာတ်လေး ဝင်လာရင် ဝင်လာသလောက် သောက မီး ငြိမ်း ငြိမ်းသွားတာကို သူတို့ တွေ့ရတယ်၊ ပေါ် လာသမျှ အာရုံတွေကို မလွတ်တမ်း ကြိုးစားမှတ်လို့ ရှုမှတ်မှု အားကောင်းလာတဲ့အခါ သောကဟာ ဝေး ဝေးသွားတယ်၊ သောကကို ပြန်ခေါ်ကြည့်တယ်-တဲ့၊ သောကဟာ မပေါ်လာတော့ဘူး-တဲ့၊ အဲဒီအခါ သောကကို စိန်ခေါ်ရဲလာတယ်-တဲ့၊ သောက ကင်း ဝေး နေနိုင်ဖို့ အရေးမှာ ဒီသတိပဋ္ဌာန်ဆေးဟာ အကောင်းဆုံးဆေးပါပဲ၊ ဝမ်းနည်းငိုကြွေးမှု ခေါ်တဲ့ သောကမီး, ပရိဒေဝမီးကို လွန်မြောက်ဖို့တစ်ကြောင်း တည်းသော လမ်းဟာ သတိပဋ္ဌာန် လမ်းပါပဲ။"တဲ့။

ဆရာတော် အမိန့်ရှိနေတဲ့ ဒီကိုယ်တွေ့ အတွေ့ အကြုံလေးကို ဒကာမကြီး ဒေါ်ခင်သန်းမြင့်နဲ့အတူ သားတွေ, သမီး, သမက်, ချွေးမတွေ, မိတ်ဆွေတွေ ကပါ အထူးပဲ စိတ်ဝင်စားစွာ နားထောင်နေကြပါ တယ်၊ ဆရာတော်ရဲ့ တရားမြားဟာ သူတို့ရဲ့ နှလုံး သားမှာ သိသိသာသာ စူးနစ်ဝင်နေတာကို သတိပြု

http://www.dhammadownload.com



မိပါတယ်၊ ဆရာတော်ဟာ မေတ္တာ၊ ကရုဏာ အရည်တွေ လူးထားတဲ့ တရားမြားနဲ့ သူတို့နှလုံးသားကို ဆက်ပြီး ပစ်နေပါတယ်။

"ကွန်မြူနစ် ဒကာတစ်ယောက် ဘုန်းကြီးထံ တရား လာအားထုတ်သွားတယ်၊ သူ့ရဲ့ သားတွေ၊ သမီးတွေကလည်း တရား အားထုတ်ထားကြတယ်၊ သူ့ရဲ့ ဇနီးကလည်း တရားအားထုတ်ထားတယ်၊ သူတို့ရဲ့သားကြီးဟာ ကားအက်ဆီးဒင့်ဖြစ်ပြီး တစ်ကိုယ်လုံး မီးလောင်ကာ မည်းသွားတယ်၊ မီးသွေးခဲလို ဖြစ်သွားတယ်၊ အဲဒီသတင်းကို ကြားရတော့ မတုန်မလှုပ် အေးအေးဆေးဆေးပဲ ဆေးရုံမှာ တင်ထားတဲ့ သားကို သွားပြီး ကြည့်ကြတယ်၊ မကြည့်ဝံ့စရာ၊ မမြင်ရက်စရာ သားရဲ့အဖြစ်ကို မြင်ရပေမယ့် တည်ငြိမ်အေးဆေးစွာနဲ့ သားကို တရား ရှုမှတ်ဖို့ သတိပေးနိုင်ခဲ့ကြတယ်၊ သားကလည်း တရား ရှုမှတ်နေနိုင်တယ်၊ အမေနဲ့ သားသမီးတွေကလည်း တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးပဲ၊ အမေကို ကြည့်ပြီး ဆရာဝန်၊ သူနာပြုတွေနဲ့ ဘေးက လူတွေကရော မေးကြသတဲ့၊

http://www.dhammadownload.com



"အမေ အစစ် မဟုတ်ဘဲ မိထွေးများ ဖြစ်နေသလား" တဲ့၊ သားကြီးဟာ ဆေးရုံမှာ ဆုံးသွားပေမယ့် တည်ငြိမ်အေးဆေးလှတဲ့ အဲဒီ မိသားစုရဲ့ အခြေအနေကို မြင်တွေ့ကြရတဲ့ ဆေးရုံဝန်ထမ်းတွေကရော, ဆရာဝန်တွေကရော, ဘေးက လူတွေကပါ အံ့ဩကြသတဲ့၊ သူတို့မိသားစုရဲ့ တည်ငြိမ်အေးမြတဲ့ အခြေအနေကို ကြည်ညိုအားရ သဘောကျပြီး ဆရာဝန်တွေတောင် တရား အားထုတ်ဖြစ်သွားကြတယ်၊ သူတို့မိသားစုရဲ့ သောက ကင်းပြီး ငြိမ်းချမ်းခြင်းနဲ့ ပြည့်စုံတဲ့ အမူအရာတွေဟာ ဘယ်လောက် ဆွဲဆောင်အား ရှိသလဲ၊ သောက ကင်းပြီး ငြိမ်းချမ်းခြင်းနဲ့ ပြည့်စုံတဲ့ အမူအရာတွေနဲ့ သာသနာပြုလိုက်တာပဲ။"တဲ့။

တရားနာနေကြတဲ့ သူတို့တစ်တွေဟာ လက်အုပ်ကိုယ်စီ ချီပြီး ဆရာတော့်မျက်နှာကို သေချာစွာ ကြည့်သူက ကြည့်, ဦးခေါင်းငိုက်စိုက်ချကာ တရားကို စူးစိုက်စွာ နာသူက နာနေကြတာကို တွေ့ရတော့ ဆရာတော်ရဲ့ တရားမြား သူတို့နှလုံးသားတွေမှာ ပိုပြီး စူးနစ်ဝင်နေတာကို သတိထားမိပါတယ်၊ သောက

http://www.dhammadownload.com



မီး, ပရိဒေဝမီးတွေကြောင့် ပူလောင်နေတဲ့ သူ့သား သမီးတွေရဲ့ နှလုံးသားကို တရားရေအေးနဲ့ သွန်လောင်းပေးမှုကို လွန်စွာမှ လိုလားတောင့်တနေတဲ့ ဒေါ်ခင်သန်းမြင့်ဟာ ဆရာတော်ရဲ့ တရားရေအေး သွန်လောင်းပေးမှုကြောင့် သဒ္ဓါ, ပီတိတက်ကာ ရွှင်လန်းတက်ကြွ အားရကျေနပ်လျက် ရှိနေပါတယ်၊ မကြည့်ဝံ့စရာ, မမြင်ရက်စရာ အဖြစ်ဆိုးနဲ့ ကြုံရရှာတဲ့ သားကြောင့် သောက, ပရိဒေဝမီး မတောက်လောင်ဘဲ တည်ငြိမ်အေးချမ်းမှု ရှိနေတဲ့ သားအဖ တစ်တွေအကြောင်းကို ကြားနာရတော့ ဟိုရှေးက ဖြစ်ပျက်တဲ့ အဖြစ်အပျက် တစ်ခုနဲ့ သားအဖတစ်စု အကြောင်းကို သတိရလာမိပါတယ်။

ရှေးတုန်းက မိသားစု (၆)ယောက် ရှိတယ်၊ ဖအေဖြစ်သူနဲ့ သားလုပ်သူက တောထဲ ယာသွားလုပ်ရင်း သားလုပ်သူကို မြွေကိုက်လို့ သေပါရော၊ ဖအေလုပ်သူက လမ်းမှ လာသူ လူတစ်ယောက်ကို ထမင်း တစ်ယောက်စာ ပို့ဖို့ရန်နဲ့ အိမ်သား အားလုံး တောလိုက်ခဲ့ကြရန် မှာလိုက်တယ်၊ အားလုံးစုံတော့

http://www.dhammadownload.com



သားအလောင်းကို မီးရှို့ကြတယ်၊ တစ်ယောက်မှ မငိုကြဘူး၊ လမ်းက လူတစ်ယောက်က ဝင်လာပြီး မေးတယ်။

ခရီးသွား။ ။ 'ခင်ဗျားတို့ ဘာတွေများ ဖုတ်စားနေကြတာလဲဗျာ၊ သားကောင်များ ဖုတ်စားရင်လည်း ကျုပ်လည်း နည်းနည်းပေးကြပါဦး'လို့ တောင်းတယ်။

မိသားစု။ ။ 'မဟုတ်ပါဘူး၊ သားလေး သေလို့ မီးသင်္ဂြိုဟ်နေတာပါ'လို့ ပြောတယ်။

ခရီးသွား။ ။ 'နို့ ဒီလိုဆို ခင်ဗျားတို့မျက်နှာတွေက ငိုလားဘာလား ပူဆွေးမှုလည်း တစ်ခုမှ မတွေ့ရပါလား၊ သားက တော်တော် ဆိုးသလားဗျာ'လို့ မေးတယ်။

ဖခင်ဖြစ်သူ။ ။ ကျုပ်သားကို ချစ်တာမှ ပြောမဖြစ်လောက်အောင် ချစ်တာပါ၊ ဒါပေမယ့် သေတယ်ဆိုတာ မြွေ အရေလဲသလိုပါပဲ၊ ဒီဘက်ဘဝက ဟိုဘက်

http://www.dhammadownload.com



ဘဝ ပြောင်းသွားတာပါ။ လွမ်းစရာ မရှိပါဘူး၊ ကျွန်တော် ငိုနေလည်း မြင်ရမှာ မဟုတ်ပါဘူး၊ သားကလည်း ဒီလို ငိုနေတာကို မသိပါဘူး။

ခရီးသွား။ ။ ကောင်းပါလေရဲ့ဗျာ၊ ဒါနဲ့ ဒီဘက်က အဒေါ်ကကော ဘာ တော်ပါသလဲ ခင်ဗျား။

မိခင်ဖြစ်သူ။ ။ အဒေါ်ရဲ့သားပါပဲ။

ခရီးသွား။ ။ အဒေါ်ကလည်းဗျာ၊ ကိုယ့်သားကိုများ ကိုးလ လွယ် ဆယ်လလောက်မှ မွေးဖွားထားရတဲ့ သားများ မချစ်လို့လားဗျာ။

မိခင်ဖြစ်သူ။ ။ မဟုတ်ပါဘူး၊ အဒေါ်လည်း ကိုယ့်သားကို ပြော မပြနိုင်လောက်အောင် ချစ်ပါတယ်၊ ဒါပေမယ့် အဒေါ်က ဒီသားကို လာခဲ့ပါလို့ မခေါ်ခဲ့ပါဘူး၊ သေတော့လည်း သွားတော့လို့ နှင်မချပါဘူး၊ သူ့သဘောနဲ့ သူ လာပြီး၊ သူ့သဘောနဲ့ သူ ထွက်သွားတာပါ။

http://www.dhammadownload.com



ခရီးသွား။ ။ ဒီဘက်က နှမလေးကကော ဘာ တော်သလဲ။

နှမဖြစ်သူ။ ။ ကျွန်မရဲ့ အစ်ကိုကြီးပါ။

ခရီးသွား။ ။ ကိုယ့် အစ်ကိုကြီးဖြစ်သူ တစ်ယောက်လုံး သေဆုံးတာတောင်မှ နှမလေးက ပြုံးပြုံးရွှင်ရွှင်နဲ့ မဆိုင်တဲ့သူလိုပဲ၊ ဘာမှ စိတ်ပျက်ခြင်း မရှိတာ ဘာပြုလို့ပါလဲ။

နှမဖြစ်သူ။ ။ ကျွန်မကလေ ကျွန်မ အစ်ကိုကြီးကို လွမ်းပြီး ပူဆွေးနေမယ်ဆိုရင် ကျွန်မ အလုပ်တွေလည်း မပြီး အချည်းနှီး ဖြစ်ရပါမယ်၊ ကျွန်မနဲ့ ပတ်သက်တဲ့ ချစ်ခင်နေသူတွေက ကျွန်မ ပူဆွေးပိန်ချုံးနေတာကို မြင်သွားရင်လည်း ချစ်ခင်သူတွေပါ စိတ်ဆင်းရဲရမှာမို့ မတမ်းတပါဘူး၊ မငိုကြွေးပါဘူး။

ခရီးသွား။ ။ ဒီဘက်က နှမကကော ဘာ တော်ပါသလဲ။

မယားဖြစ်သူ။ ။ ကျွန်မရဲ့ ခင်ပွန်းသည်ပါရှင်။

http://www.dhammadownload.com



ခရီးသွား။ ။ နို့ နှမကကော ဘာလို့ မငိုတာပါလိမ့်၊ ကိုယ့်ခင်ပွန်းသည် တစ်ယောက်ဆိုတာ အသက်မကချစ်ကြပါတယ်၊ နှမက စိတ်ညစ်တဲ့ အမူအရာတောင်မှ မပေါ်တာများ အံ့ပါဗျာ။

မယားဖြစ်သူ။ ။ ကျွန်မ မချစ်လို့ မဟုတ်ပါဘူး၊ ချစ်တာမှ အသည်းနှစ်လောက်အောင် ချစ်ပါတယ်၊ ဒါပေမယ့် ကွယ်လွန်သူကို တမ်းတပြီး ငိုကြွေးနေလို့ ဘာမှ အကျိုးမရှိပါဘူး၊ မိုးပေါ်က လကို လိုချင်လို့ တမ်းတပြီး နေရတာကမှ မြင်ရပါသေးတယ်၊ သေသွားသူက မမြင်ရတော့ပါဘူး။

ခရီးသွား။ ။ အင်း. . . ကောင်းပါ့ဗျာ၊ ကောင်းပါ့၊ ဒါနဲ့ ဒီဘက်က ကလေးနဲ့ကော ဘာတော်ပါသလဲ။

အိမ်စေဖြစ်သူ။ ။ ကျွန်မရဲ့အရှင်သခင်ဖြစ်ပါတယ်။

ခရီးသွား။ ။ မင်းသခင်က မင်းကို တော်တော် နှိပ်စက်သလား၊ မင်းအပေါ်မှာ တော်တော်ပဲ ဆိုးသလား။

http://www.dhammadownload.com



အိမ်စေ။ ။ ကျွန်မ သခင်ဟာ ကျွန်မကို မနှိပ်စက်တဲ့အပြင် ကိုယ့်အိမ်သားများရဲ့အပေါ်မှာလို စေတနာ မေတ္တာ ရှိပါတယ်၊ ကျွန်မကိုလည်း နှမလေးလို ချစ်ရှာပါတယ်၊ ဒါပေမယ့် ကျွန်မ တွေးပါတယ်၊ သေသွားသူဆိုတာ ကွဲသွားတဲ့ အိုးလိုပါပဲ၊ ပြန် ဆက်စပ်လို့ မရပါဘူး။

ခရီးသွား။ ။ အင်း. . အားလုံး တော်ကြပါပေရဲ့ဗျာ၊ ဟဲဟဲ. . ကျွန်ုပ်ဟာ အခြားသူ မဟုတ်ပါဘူး၊ သိကြားမင်းပါပဲ၊ ခင်ဗျားတို့ မိသားစုအားလုံး ဒီ မရဏာနုဿတိဘာဝနာကို ဆက်လက် နှလုံးသွင်းပြီး သွားကြပါလို့ ပြောပြီး လူယောင်ဆောင် ဖန်ဆင်းလာတဲ့ သိကြားမင်းလည်း ကွယ်သွားတယ်။

သေခြင်းတရားကို ကြိုတင်အောက်မေ့ ဆင်ခြင်ထားကြတဲ့ ဒီမိသားစုရဲ့ မရဏာနုဿတိဘာဝနာ စွမ်းအား (သေခြင်းကို ဆင်ခြင်ထားမှု ဘာဝနာ စွမ်း

http://www.dhammadownload.com



အား)ဟာ သေဘေးနဲ့ ကြုံရတဲ့အခါ လွန်စွာမှ တည်ငြိမ်အေးချမ်းမှု ပေးလှပါတယ်၊ ဒါကြောင့် လူတိုင်းလူတိုင်းဟာ မသေခင်က ကိုယ့်ကိုယ်ကို ကြိုတင်၍ အစမ်းသေ သေကြည့်ထားသင့်ကြပါတယ်၊ မရဏာ သတိဘာဝနာကို ပွားများ လေ့ကျင့်ထားသင့်ကြပါတယ်။

ဒေါ်ခင်သန်းမြင့်မိသားစုက ရန်ကုန်ရှိ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာက အမျိုးသမီး ယောဂီတို့ နေရာအဆောင်နဲ့ ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာမှာ ဆောက်လုပ်မယ့် တံတားအတွက် နဝကမ္မဝတ္ထုငွေ စုစုပေါင်း (၂)သိန်းကျော်တန် ပစ္စည်းကို လှူဒါန်းတဲ့အပြင် ဆယ်မိုင်ကုန်း တောစခန်းရိပ်သာအတွက် သက်န်း (၅)စုံနဲ့ ရန်ကုန် ပဏ္ဍိတာရာမအတွက် သက်န်း (၅) စုံကိုလည်း လှူဒါန်းကြပါတယ်၊ ပဏ္ဍိတာရာမ တောစခန်းရိပ်သာအတွက်ပါ ဒေါ်ခင်သန်းမြင့် လှူဒါန်းတာကတော့ ဒေါ်ခင်သန်းမြင့်က အဲဒီ တောစခန်းရိပ်သာမှာ တရားရှုမှတ်ခဲ့လို့ပါပဲ၊ ဒီလှူဒါန်းမှုအစုစုနဲ့

http://www.dhammadownload.com



ပတ်သက်ပြီး ရေစက်သွန်းချ အမျှပေးဝေမှုနဲ့ စပ်တဲ့ ဆရာတော် ပေးလိုက်တဲ့ ဩဝါဒစကားဟာ အလွန့်အလွန်ပဲ ဗုဒ္ဓသာသနာ့ဝင်တို့ မှတ်သားလိုက်နာစရာ ကောင်းလှပါတယ်။

"နေပူထဲက လာတဲ့၊ ရေဆာနေတဲ့လူကို ရေပူ၊ ရေနွေး မပေးဘဲ ရေအေးအေးလေး ပေးရဟာယ်၊ ရေချမ်းအိုးကြီး ပိုက်ပြီး ရေအေးအေးလေး ပေးရတယ်၊ ဒီလိုပဲ တမလွန်ဘဝက ကုသိုလ်အဖို့ဘာဂ (ကုသိုလ်ဝေစု)ကို လိုလား ဆာလောင်နေတဲ့ သူကို ဝမ်းနည်းပူဆွေးစွာနဲ့ အမျှ မဝေဘဲ စိတ် ကြည်လင် အေးမြစွာနဲ့ ပေးဝေရတယ်"တဲ့။

ဆရာတော်က ဒီလိုလည်း အမိန့်ရှိသေးတယ်။

"တချို့က ကိုယ့်မိသားစုထဲက တစ်ဦးဦး ကွယ်လွန်သွားရင် ငိုမှ ချစ်ရာရောက်တယ်လို့ ယူဆပြီး အလွန်အကဲ ငိုကြတယ်၊ တချို့များ အရှုးဖြစ်မတတ် ငိုကြတယ်၊ ဒါမှ ကွယ်လွန်သွားသူအပေါ်မှာ ချစ်ရာ၊ သစ္စာရှိရာ ရောက်တယ်လို့ ယူဆကြတယ်၊ အဲဒါ

http://www.dhammadownload.com



များနေတယ်၊ ဒါကြောင့် ကားအက်ဆီးဒင့် ဖြစ်လို့ သေသွားတဲ့ သားရဲ့မိခင်ကို "အမေရင်းမှ ဟုတ်ရဲ့လား၊ မိထွေးများလေလား"လို့ ဘေးက လူတွေက မေးကြတာပေါ့၊ အခုလည်း အမေကို "မငိုရကောင်းလား, မဝမ်းနည်း, မပူဆွေးရကောင်းလား"-ဆိုပြီး စိတ်ထဲက မကျေမနပ် ဖြစ်နေကြသေးလား၊ အမေ တရား ရှိသလို သား, သမီးတွေလည်း တရား ရှိအောင် ကြိုးစားကြရမယ်၊ အမေလိုပဲ တရား ရှိအောင် ကြိုးစားနိုင်ရင် ရေချမ်းအိုးကြီး ပိုက်ပြီး ရေအေးအေးလေး ပေးတဲ့သူလို တမလွန်က ဖခင် ဦးရှိန်မြင့်ကို စိတ် ကြည်ကြည်လင်လင် အေးအေးမြမြနဲ့ အမျှ ပေးဝေနိုင်ကြမယ်၊ ဒါမှ တမလွန်က ဖခင်အတွက်လည်း အကျိုးများမယ်"တဲ့။

ရေချမ်းအိုးကြီးကို ပိုက်ပြီး ရေအေးအေးလေး ပေးတဲ့သူလို လာလာသမျှ ပရိသတ်တွေရဲ့ ပရိဒေဝမီးကို ကြည်လင်အေးမြတဲ့ ဩဝါဒရေချမ်းနဲ့ သွန်းဖျန်းပေးခဲ့တဲ့ ဘုရားအလောင်း ရသေ့လေးဟာလည်း အားရစရာ, အားကျစရာ, ကြည်ညိုစရာ, လေးစား

http://www.dhammadownload.com



စရာ ကောင်းလှပါတယ်၊ ဒါကြောင့် ဒီနေရာမှာ ဘုရားအလောင်း ရသေ့လေးအကြောင်းကို ထုတ်ဖော်ပြချင်ပါတယ်။

ဘုရားလောင်းလျာနဲ့ ယသော်ဓရာလောင်းလျာတို့ဟာ တစ်ခုသော ဘဝမှာ ကုဋေများစွာ ကြွယ်ဝတဲ့ သူဌေးအဖြစ်ကနေပြီး စည်းစိမ်ဥစ္စာတွေကို သဘောတူ လှူဒါန်းကာ ရသေ့ရဟန်းပြုပြီး မကွဲမကွာဘဲ နေကြတယ်၊ ရသေ့မလေးရဲ့ ရုပ်ရည်ဟာ လွန်စွာ ထူးခြားတဲ့အပြင် ပြုံးရွှင်သလိုနဲ့ ခံ့ညားတဲ့ မျက်နှာအနေအထားကြောင့် အများကပင် ချစ်ခင်လေးစားကြတယ်။

အဲဒီလို တောထွက်လာခဲ့တဲ့အခါ သူဌေးမျိုး, သူဌေးနွယ် နုနယ်တဲ့ ရသေ့မကလေးမှာ ရှေးကလို မွန်မြတ်တဲ့ အစာကို မစားရဘဲ ရသေ့ရဟန်းတို့ရဲ့ ထုံးစံဓမ္မတာအတိုင်း သစ်ဥ, သစ်သီးနဲ့ သူပေးလှူပေး အာဟာရများနဲ့သာ မျှတရရှာတယ်၊ ဒါကြောင့် ရသေ့မလေးမှာ အတော်ကြာတဲ့အခါ ဝမ်းသွေးရောဂါ ဖြစ်လာလို့ အလွန်ပဲ အားနည်းလာရှာတယ်၊ အဲဒီ

http://www.dhammadownload.com



အခါ ဘုရားအလောင်းတော် ရသေ့လေးဟာ ရသေ့မလေးကို ကိုယ်တိုင်တွဲယူကာ မြို့တံခါးအနီး ဇရပ်ကြီးပေါ်မှာ အသာချထားပြီး ဆွမ်းခံဝင်တော်မူတယ်။

အဲဒီလို ဆွမ်းခံ ဝင်တော်မူနေတုန်း အချိန်မှာပဲ ဇရပ်ပေါ်မှာ ကျန်ရစ်တဲ့ ရသေ့မကလေးဟာ သူမရဲ့ ရောဂါဒဏ်ကို ကြာရှည်စွာ မခံနိုင်တော့တဲ့အလား ဘုရားအလောင်း ပြန်ချိန်ကိုမှ မစောင့်နိုင်ရှာတော့ဘဲ ဘဝဇာတ် အသစ် လဲရရှာတယ်၊ အဲဒီ ဖြစ်ပုံကို မြို့တွင်းက ထွက်လာသူတွေ တွေ့ကြတဲ့အခါ ဆွေမတော်, မျိုးမစပ်ဘဲ လှိုက်လှိုက်လှဲလှဲ ငိုကြွေးကာ အလောင်းကို ပြင်ကြရှာတယ်။

အဲဒီအခိုက်မှာပဲ ဘုရားအလောင်းတော် ရသေ့လေး ဆွမ်းခံပြန်လာရာ မမျှော်လင့်တဲ့ အဖြစ်အပျက်ကို ရုတ်တရက် တွေ့ရလို့ အစွမ်းကုန် ငိုချင်ဖွယ်ကောင်းပေမယ့် ရင့်မာတဲ့ အလောင်းဘုရားပီပီ တည်ကြည်တဲ့ ဣန္ဒြေနဲ့ ဇရပ်ပေါ် တက်ပြီး ပြင်ထားတဲ့ အလောင်းရဲ့ ဦးခေါင်းဘက်က ထိုင်တော်မူပြီး နှစ်ယောက်စာ ခံယူလာတဲ့ ဆွမ်းကို တစ်ပါးတည်း

http://www.dhammadownload.com



ဘုဉ်းပေးတော်မူပြီးကာ များစွာသော ပရိသတ်ရဲ့ ပရိဒေဝ မီးကို ကြည်လင်အေးမြတဲ့ ဩဝါဒရေချမ်းနဲ့ ဆွတ်ဖျန်းငြိမ်းစေတော်မူသတဲ့။

ဆရာတော်က ဒီလိုလည်း ဆက်ပြီး မိန့်တော်မူပါတယ်။

'ဒကာကြီး ဦးရှိန်မြင့်ရဲ့ အဖြစ်မျိုးကို ဒီဇနီး, ဒီသား, ဒီသမီး, ဒီပရိသတ်တွေလည်း မလွဲမသွေ ကြုံကြရမှာပဲ၊ ရှောင်လွှဲလို့ မရတဲ့အရာပဲ၊ ဦးရှိန်မြင့်ကို မသေအောင် ဘယ်သူမှ မတတ်နိုင်သလို ကိုယ့်ကိုလည်း ဘယ်သူမှ မသေအောင် မတတ်နိုင်ဘူး၊ သတ္တဝါအားလုံးဟာ အသေခံတပ်သားတွေပဲ၊ သေမျိုးတွေချည်းပဲ၊ ဦးရှိန်မြင့်က ရှေ့ကသွား၊ ဒီဇနီး, ဒီသား, ဒီသမီးတွေက နောက်က လိုက်ကြရမှာပဲ၊ ဒါကတော့ သေချာတယ်။"

"ဒီတော့ မလိုက်ကြရသေးခင် ဘဝ အာမခံချက် ရှိတဲ့ အမြတ်ရအောင် ကြိုးစားထားကြမှ ဖြစ်မယ်၊ ဈေးရောင်းတဲ့သူဟာ အရင်းအတိုင်း ရအောင်,

http://www.dhammadownload.com



ရှုံးအောင် ရောင်းတာ မဟုတ်ဘူး၊ အမြတ်ရအောင် ရောင်းတယ်။"

"ဒီလိုပါပဲ ဗုဒ္ဓသာသနာနဲ့ ကြုံကြိုက်တုန်း လူ ဖြစ်နေသူဟာ အရင်းနဲ့လည်း မကျေနပ်သင့်ဘူး၊ ရှုံး လည်း မရှုံးသင့်ဘူး၊ အမြတ်ရအောင် ကြိုးစားကြ ရမယ်။"

"နောက်ဘဝ လူပြန်ဖြစ်ရင် အရင်းအတိုင်းပဲ၊ အပါယ်ကျရင်တော့ ရှုံးတာပဲ၊ နတ်ပြည်, ဗြဟ္မာ့ပြည် ရောက်ရင်တော့ အမြတ် ရတာပဲ၊ ဒါပေမယ့် အဲဒီ အမြတ်က ဘဝ အာမခံချက် မရှိတဲ့ အမြတ်ပဲ၊ အပါယ်အတွက် အာမခံချက် မရှိသေးဘူး၊ နိဗ္ဗာန်က တော့ အကောင်းဆုံး အမြတ်ပဲ၊ အဲဒီ အကောင်းဆုံး အမြတ်နိဗ္ဗာန်ကို ရအောင် သတိပဋ္ဌာန်တရားကို အားထုတ်ကြရမယ်။"တဲ့။

* အနေ ကောင်းမှ အသေ ကောင်းမယ်။
* အနေ တတ်မှ အသေ မြတ်မယ်။
* အနေ ချောင်က အသေ ကြပ်မယ်။
* အနေ ကြပ်မှ အသေ ချောင်မယ်. . ဆိုတဲ့

http://www.dhammadownload.com



ဆရာတော် ဆုံးမလေ့ရှိတဲ့ စကားလေးတွေကိုလည်း သတိရလာမိပါတယ်။

ဆရာတော် မိန့်ကြားတဲ့ အဆုံးအမ စကားတွေရဲ့ အဆုံးမှာ ဒေါ်ခင်သန်းမြင့် မိသားစုကရော, ဓမ္မမိတ်ဆွေတို့ကပါ လှိုက်လှိုက်လှဲလှဲ ထက်ထက်သန်သန်နဲ့ "သာဓု, သာဓု, သာဓု" အနုမောဒနာ ပြုကြသံကို နာခံလိုက်ရပါရဲ့၊ သူတို့အားလုံး ပီတိဖုံးလို့ ပြုံးနိုင်ကြပေပြီပဲ။

သေခြင်းနဲ့ ပတ်သက်တဲ့ သံဝေဂကဗျာလေး (၂)ပုဒ်ကို ဓမ္မဒါန ပြုလိုက်ချင်ပါတယ်။

http://www.dhammadownload.com



# လှလှသေသူ

✧ သေခါနီးလေး
ကြိုတင် တွေးကြည့်
စိတ်အေးချမ်းသာ
သေနိုင်မှာလော။

✧ စွဲလန်း၍သာ
သင်-သေမှာလော။
မိန်းမောတွေဝေ
သင်-သေမှာလော။

✧ ယောင်ယမ်းလူးလွန့်
သက်စွန့်မှာလော။
ဟစ်အော်ငြီးကာ
သေသွားမှာလော။

✧ သက်ရှင်နေစဉ်
ကုသိုလ် ခင်မှ
သေစဉ်လှလှ
သင်-သေရလိမ့်။ ။

သာမဏေကျော်

http://www.dhammadownload.com



## သောကပြေဆေး

❋ ဘဝသံသရာတစ်လျှောက်
သေကြလို့ သောကပွား
ကျူးလိုက်တဲ့ မျက်ရည်ကား
သမုဒ္ဒရာရေထက် များ၊

❋ သောကကို ပြေဖို့ရာ
မြတ်ဘုရားက ပေးခဲ့တာ
သတိပဋ္ဌာန်ဆေးပါ၊

❋ သတိပဋ္ဌာန် ထိုဆေး
နေ့စဉ်သာ သောက်ပေး
သောကတွေ ဝေးဝေး
ရင်ထဲမှာ အေးအေး
ဘုရားရဲ့ အကောင်းဆုံးဆေး။ ။

သာမဏေကျော်

http://www.dhammadownload.com



## ဆရာတော်ကြီးတို့ရဲ့သောကဖြေနည်းများ

### ❁ ခွဲကြည့်ထား ❁

ကိုယ့်အခြေအရံနဲ့ ကိုယ် စောစောကတည်းက တခြားစီလည်း ခွဲပြီး ကြည့်ထားရတယ်။ လင်-မယား, သားသမီး, တပည့် ပရိသတ်တွေနဲ့ ခွဲပြီး ဆင်ခြင်ကြည့်ရတယ်၊ မင်္ဂလာ မရှိဘူးလို့ မအောက်မေ့နဲ့၊ ဒါက မင်္ဂလာပဲ၊ အဲဒီလို စောစောကတည်းက ခွဲကြည့်ထားတဲ့သူမှာ အကြောင်း မညီညွတ်လို့ တကွဲတပြား ဖြစ်ကြရလို့ ရှိရင် သည်းခံနိုင်တယ်၊ သက်သာရာရတယ်။

(မဟာစည်ဆရာတော်ကြီး)

### ❁ အကောင်းဆုံးနည်း ❁

အမှတ်ရမှု-သတိတရားနဲ့ ရှုမှတ်နေတဲ့ အလုပ်ဟာ သောက ကင်းဝေး နေနိုင်ရေး-ဆိုတဲ့ နည်းတွေထဲမှာ အကောင်းဆုံးနည်းပါပဲ။

(မဟာစည်ဆရာတော်ကြီး)

http://www.dhammadownload.com



## ❀ ဒဏ် မခံနိုင်တဲ့ စိတ် ❀

အသက် ကြီးပေမယ့် စိတ်က သေးငယ်နုနယ် နေရင် မကောင်းဘူး၊ သစ်ပင်ငယ်, သစ်သီးငယ်တွေ ဟာ အပူဒဏ်, လေဒဏ်, နေဒဏ်တို့ကို မခံနိုင်ဘူး၊ ငယ် ရွယ် နု နယ် တဲ့ စိတ် ဟာ လည်း ကောင်း-ဆိုး လောကဓံရဲ့ဒဏ်ကို မခံနိုင်ဘူး။

(ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်)

## ❀ မွေးယူမှ ရတယ် ❀

ကိုယ်ခန္ဓာ ကျန်းမာဖို့ ကိုယ်ခံအင်အား လို တယ်၊ စိတ်မှာလည်း သန့်ရှင်းချမ်းသာဖို့ အင်အား တွေ လိုတယ်၊ အလိုလိုတော့ ပြည့်မလာဘူး၊ မွေးယူ မှ ရတယ်။

သတိပဋ္ဌာန်ဟာ ထိရောက်အောင် ဖြစ်ပွားစေ ရင် စိတ်အားတွေ အပြည့်ပေးနိုင်တယ်။

(ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်)

http://www.dhammadownload.com



## ❀ ထိန်းချုပ်ပါ ❀

လောကဓံ တွေ့ရိုးမို့ အမျိုးမျိုး တွေ့မယ်။
စိတ် အနေ မတုန်လှုပ်အောင် ထိန်းချုပ်ပါ့ကွယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

## ❀ စိုးရိမ်နေမည့်အစား ❀

စိတ်ပန်း, ကိုယ်ပန်း, မချမ်းမမြ စိုးရိမ်ကြောင့်ကြမှုကြောင့် တစ်စုံတစ်ခု ကောင်းကျိုး ရလျှင် တော်ပါသေး၏။ စင်စစ်မှာ စိတ်နှလုံး၏ ပူလောင်ခြင်းမှ တစ်ပါး ကောင်းကျိုးဘက်က တစ်ချက်မျှ မရှိချေ။ ထို့ကြောင့် မည်သူ့အတွက်ဖြစ်ဖြစ် အကျိုးမဲ့ အချည်းနှီး အစိုးရိမ်ကြီး စိုးရိမ်နေမည့်အစား ထိုသို့ စိုးရိမ်ဖွယ် မရှိအောင် သတိကြီးစွာဖြင့် ကြိုတင်၍ စီစဉ်သင့်ကြပါသည်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

http://www.dhammadownload.com



## မပျက်စီးသူ

ခန္ဓာကိုယ်လည်း ပျက်စီးတတ်တယ်၊ ပစ္စည်းတွေလည်း ပျက်စီးတတ်တယ်၊ ပြင်ပက အရာတွေ ပျက်စီးချင်သလို ပျက်စီးကြပါစေ၊ အတွင်းသန္တာန်က တရား မပျက်ရင် ပညာရှိဟာ ဘယ်တော့မှ မပျက်စီးတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။

*(သပြေကန်ဆရာတော်ကြီး)*

## အဖြေ

သောကနှင့် ကြုံတွေ့ရသောအခါ အဖြေ မရှိသူတို့မှာ အတောမသတ်အောင် ပူကြရ၏။ တရားသဘော စဉ်းစားခြင်းဖြင့်သာ ဖြေဖျောက်နိုင်၏၊ သောက, ပရိဒေဝ ပျောက်ငြိမ်းကြောင်းအဖြစ် ဘုရားရှင် အာမခံထားသော သတိပဋ္ဌာန်တရား စသည်ဖြင့် သောက လုံးဝ ငြိမ်းပျောက်နိုင်သည်။

*(သပြေကန်ဆရာတော်ကြီး)*

http://www.dhammadownload.com